က စိတ်ကူးချိုချိုအနုပညာ

အောင်မြင်
ထင်ရှားသူများ
ပြောတဲ့

# ဘဝရဲ့လျှို့ဝှက်ချက်များ

စာသမားတစ်ဦး



နိုင်ငံတကာအဆိုအမိန့်နှင့်
စကားပုံစု

mgyoe.com

mgyoe.com

# ဘဝရဲ့ လျှို့ဝှက်ချက်များ

နက်ဖြန် ဘာတွေဖြစ်မယ်ပြောပြော၊ ဒီနေ့ စားလို့ သောက်လို့ကောင်းရင်၊ နေလို့ထိုင်လို့ကောင်းရင်၊ မိတ်ဆွေတွေနဲ့ စကားလက်ဆုံကျရင် လူဖြစ်ကျိုးနပ်ပြီရယ်လို့ ဝမ်းသာပါ။ စိတ်ချမ်းသာသုခ ရခဲ့ဖူးတဲ့အတိတ်ကို ပြန်ပြီးမလွမ်းနဲ့။ စိတ်ချမ်းသာသုခရလိမ့်မယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့လည်း အနာဂတ်ကို မောင်မျှော် မယ်မျှော် မလုပ်နဲ့။ ဒီကနေ့သာ သေချာတယ်။ သေချာတာကို ရအောင်ယူ။ မနေ့ကနဲ့ မနက်ဖြန်တို့ရဲ့ အလိမ်ကို မခံနဲ့။

ဟင်နရီဝါ့ဒ်ဘီးချား

LLT0074

1,500.00 KS

mgyoe.com

mgyoe.com

အောင်မြင်ထင်ရှားသူများပြောတဲ့ဘဝရဲ့လှို့ဝှက်ချက်များ၊ စာသမားတစ်ဦး
တမျက်နှာ ၁၇၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊၈၅၊၁၆၄လမ်း၊တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊မစိုးရိပ်လမ်း၊ရန်ကင်း။
၂၀၁၈၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အောင်မြင်ထင်ရှားသူများပြောတဲ့

# ဘဝရဲ့လှျို့ဝှက်ချက်များ

(နိုင်ငံတကာအဆိုအမိန့်နှင့်စကားပုံစု)

စာသမားတစ်ဦး

ပထမအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အလိမ်မခံနဲ့

နက်ဖြန် ဘာတွေဖြစ်မယ်ပြောပြော၊
ဒီနေ့ စားလို့ သောက်လို့ကောင်းရင်၊
နေလို့ထိုင်လို့ကောင်းရင်၊ မိတ်ဆွေတွေနဲ့
စကားလက်ဆုံကျရင် လူဖြစ်ကျိုးနပ်ပြီရယ်လို့
ဝမ်းသာပါ။ စိတ်ချမ်းသာသုခ ရခဲ့ဖူးတဲ့အတိတ်ကို
ပြန်ပြီးမလွမ်းနဲ့။ စိတ်ချမ်းသာသုခရလိမ့်မယ်
ဆိုတဲ့ မျှော်လင့်ချက်နဲ့လည်း အနာဂတ်ကို
မောင်မျှော် မယ်မျှော် မလုပ်နဲ့။ ဒီကနေ့သာ
သေချာတယ်။ သေချာတာကို ရအောင်ယူ။
မနေ့ကနဲ့ မနက်ဖြန်တို့ရဲ့ အလိမ်ကို မခံနဲ့။

ဟင်နရီဝါ့ဒ်ဘီးချား



mgyoe.com

mgyoe.com



**ဆာဝီလျံအော်စလာ**

**(ကနေဒါရုပပေဒပညာရှင်)**

- ၁၈၄၉၊ ဇူလိုင် ၁၂၊ ကနေဒါနိုင်ငံ ဘွန်းဟတ်စီရင်စုတွင် မွေးဖွား။
- ဂျွန်ဟော့ကင်းဆေးရုံ၏ လေးယောက်မြောက်ပါမောက္ခအဖြစ် ဆာဘွဲ့ရရှိ၊ ဆေးဝါးသမိုင်းပြုစုရေးအဖွဲ့ တည်ထောင်။
- ၁၉၁၉၊ ဒီဇင်ဘာ ၂၉၊ အသက် ၇၀ အရွယ်၊ အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ်တွင် ကွယ်လွန်။



mgyoe.com

mgyoe.com

## ယနေ့တစ်နေ့တည်း

နောက်နှစ်ကျရင် ငါဘာဖြစ်ရမည်ဟု
စိတ်ကူးယဉ်မနေနှင့်။ ဒီကနေ့
ငါ ဘာတွေကို ပြီးအောင်လုပ်မည်ဟုသာ
စိတ်ကိုထား။ အောင်မြင်ခြင်းလမ်းမကြီးပေါ်၌
လျှောက်နေသူတို့သည် ပစ္စုပ္ပန်၌ နေကြသူများ
ဖြစ်သည်။ မနက်ဖြန်ကို ဂရုမစိုက်ကြ။ အတိတ်နှင့်
အနာဂတ်မှာ မနေနှင့်။ မိမိရည်ရွယ်ချက်အတွက်
ယနေ့ တစ်နေ့တည်းတွင် အားရပါးရ
အစွမ်းကုန်အားထုတ်ပါ။

ဆာဝိလျံအော်စလာ
(၁၉၅၅ စက်တင်ဘာထုတ် ပဒေသာမှ)



mgyoe.com

mgyoe.com



မိုဟာမက်အလီ
(အမေရိကန်လက်ဝှေ့ကျော်)

- ၁၉၄၂၊ ဇန်နဝါရီ ၁၇၊ ကန်တက်ကီခရိုင်၊ လူဝီဗီလီ၌ မွေးဖွား၊ ကက်စီယပ်ကလေး ဟု အမည်တွင်။
- ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ကျော်အဖြစ် ဆုပေါင်းများစွာရခဲ့ပြီး ပရိုလောကတွင် ၅၆ ပွဲနိုင်၊ ၅ ပွဲသာ ရှုံးနိမ့်ခဲ့။
- ၂၀၁၆၊ ဇွန် ၃၊ အသက် ၇၄ နှစ်အရွယ်တွင် ကွယ်လွန်။



mgyoe.com

mgyoe.com

# အရွယ်နဲ့အမြင်

အသက် ၅၀ အရွယ်ရောက်လာတဲ့အချိန်မှာ
အသက် ၂၀ အရွယ်တုန်းကလိုပဲ
ကမ္ဘာကြီးကို ရှုမြင်နေတယ်ဆိုရင်တော့
အဲဒီပုဂ္ဂိုလ်ဟာ သူ့ဘဝရဲ့ အနှစ် ၃၀ ကို
အလဟဿဖြုန်းတီးပစ်လိုက်ပြီ။

မိုဟာမက်အလီ



mgyoe.com

mgyoe.com

## ထိုအချိန်

သိပ်ပျော်နေတဲ့အချိန်မှာ
ဘာကတိမှ မပေးလိုက်လေနဲ့
သိပ်ဒေါသထွက်နေချိန်မှာလည်း
ဘယ်သူ့ထံမှ စာမပြန်ပါနဲ့။

တရုတ်စကားပုံ



mgyoe.com

mgyoe.com

# မေ့ပါ


အမှားတွေကို မေ့ပစ်လိုက်လို့
(ဘ၀တစ်ခုမှ) ဆုံးရှုံးစရာမရှိပါ။

ဆိုဖီယာဘက်ဖိုဒ်ပီယာ့စ်



mgyoe.com

mgyoe.com



ဂျယ်ရီဗလင့်
(အယ်ဒီတာ)

- ၁၉၃၁၊ ဇွန် ၂၀ တွင် မွေးဖွား။
- Forbes မဂ္ဂဇင်း၏ မော်တော်ယာဉ်ဆိုင်ရာ စီနီယာအယ်ဒီတာအဖြစ် ၁၉၉၆ အထိ အလုပ်လုပ်ကိုင်ခဲ့။
- ၂၀၁၀၊ ဩဂုတ် ၇ တွင် ကွယ်လွန်ခဲ့ပြီး အနားယူချိန်မှ ကွယ်လွန်သည်အထိ Forbes တွင် ကော်လံစားအဖြစ် ပါဝင်ရေးသားခဲ့။



mgyoe.com

mgyoe.com

## ယှဉ်ပြိုင်ခြင်းရလဒ်

ယှဉ်ပြိုင်မှုဆိုတာ စိတ်မချမ်းမြေ့စရာပါ။
ဒါပေမဲ့ အဲဒီကနေ ကြီးမြတ်တဲ့ရလဒ်တွေ
ထွက်ပေါ်စေပါတယ်။

ဂျယ်ရီဇလင့်



mgyoe.com

mgyoe.com



ရောဘတ်ဆဲလ်ပေ့ဂျ်တ်
(ဘဏ်ဥက္ကဋ္ဌ)

- ၁၉၃၄၊ ဇန်နဝါရီ ၅ တွင် မွေးဖွား။
- American Express ဘဏ်၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖြစ် အလုပ်လုပ်ခဲ့ပြီးနောက် ၁၉၉၁ တွင် ချဲယာမင်ဖြစ်လာ။
- ၁၉၇၅ ခုနှစ်တွင် ဟားဗက်စီးပွားရေးကျောင်းမှ MBA ဘွဲ့ရခဲ့။
- ပြည်ပငွေလဲမှုကော်မတီအဖွဲ့ဝင်လည်းဖြစ်။



mgyoe.com

mgyoe.com

## အကဲဖြတ်ချက်

ဘယ်လိုဆန့်ကျင်မှုတွေက
သူ့ကို စိတ်ဓာတ်ကျစေသလဲဆိုတာနဲ့
လူပုဂ္ဂိုလ်တစ်ယောက်ကို
အကဲဖြတ်နိုင်ပါတယ်။

ရောဘတ်ဆဲလ်ဗေ့ဂျ်တ်



mgyoe.com

mgyoe.com

## အပိုဆု

ဥယျာဉ်မှူး စိုက်တာကနည်းနည်း၊
ဥယျာဉ်ထဲမှာ အပင်တွေ
ပေါက်တာက များများ။

စပိန်စကားပုံ



mgyoe.com

mgyoe.com

# အကြောင်းရင်း

သဲကန္တာရဆိုတာ
နေရောင်ခြည်ကြောင့် ဖြစ်လာရတာ။

အာရပ်စကားပုံ



mgyoe.com

mgyoe.com



ရောဘတ်မက်နာမားရား
(ကာကွယ်ရေးဝန်ကြီး)

- ၁၉၁၆၊ ဇွန် ၉၊ ဆန်ဖရန်စစ္စကိုၵ္ဍ မွေးဖွား။
- ၁၉၆၁ မှ ၁၉၆၈ အထိ အမေရိကန်နိုင်ငံ၏ ရှစ်ယောက်မြောက် ကာကွယ်ရေးဝန်ကြီးတာဝန် ယူခဲ့။
- အမေရိကန်စီးပွားရေး အကြီးအကဲအဖြစ်လည်း ထင်ရှားကာ ၂၀၀၉၊ ဇူလိုင် ၆၊ အသက် ၉၃ နှစ်အရွယ်တွင် ကွယ်လွန်။



mgyoe.com

mgyoe.com

# လားရာ

ဦးနှောက်ဟာလည်း နှလုံးသားလိုပဲ
လက်သာတဲ့ ဆီကို သွားတာပါပဲ။

ရောဘတ်မက်နာမားရား



mgyoe.com

mgyoe.com

# အားလုံးမရနိုင်

လူတိုင်း စိတ်ကျေနပ်အောင်
လျှောက်လုပ်နေရင် သင့်ကို ဘယ်သူကမှ
စိတ်ကျေနပ်မှု ရှိမှာမဟုတ်ဘူး။

အီဆွတ်



mgyoe.com

mgyoe.com

# စိတ်စေရာ

ဘဝရဲ့အရေးကြီးတဲ့အချက်တွေအပေါ်မှာ
လူတွေ အာရုံစူးစိုက်ကြမယ်ဆိုရင်
ငါးမျှားတံတွေ ရောင်းရတာ
လျော့ကျသွားပါလိမ့်မယ်။

ဒေါက်ကာဆင်



mgyoe.com

mgyoe.com



**မာဂရက်အက်ဝုဒ်**

**(စာရေးဆရာမ)**

- ၁၉၃၉၊ နိုဝင်ဘာ ၁၈၊ ကနေဒါနိုင်ငံ၊ အွန်တာရီယိုခရိုင်၊ အော့တဝါ၌မွေးဖွား။
- ကဗျာ၊ စာပေနှင့် တီထွင်မှုဆိုင်ရာ စာပေများ ရေးသားပြုစုခဲ့။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူအဖြစ် ကျော်ကြား။
- ကနေဒါနှင့် နိုင်ငံတကာမှ ချီးမြှင့်သည့် ဆုပေါင်း ၅၅ ခု ထက်မနည်း ရရှိခဲ့။



mgyoe.com

mgyoe.com

# အမုန်းစိတ်

မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံးဆိုတဲ့
လက်စားချေစိတ်တွေသာ ရှိနေကြမယ်ဆိုရင်
ဒီနေ့ ကမ္ဘာကြီးမှာ မျက်မမြင်ပေါ်လာရုံကလွဲလို့
တခြားမရှိဘူးပေါ့။

မာဂရက်အက်ဝုဒ်



mgyoe.com

mgyoe.com



**ဂျိုဘွန်ဂျိုဗီ**
**(အဆိုတော်၊ သရုပ်ဆောင်)**

- ၁၉၆၂၊ မတ် ၂၊ အမေရိကန်နိုင်ငံ၊ နယူးဂျာစီ၌ မွေးဖွား။ ဒီမိုကရက်တစ်ပါတီကို ထောက်ခံသူလည်းဖြစ်။
- ဘွန်ဂျိုဗီ ရော့ခ်ရေ့ဆောင်အဖွဲ့ကို တည်ထောင်ခဲ့။
- ဂီတတွင်သာမက သရုပ်ဆောင်အဖြစ် Blaze of Glory (1991) ရုပ်ရှင်ကားဖြင့် ရွှေကမ္ဘာလုံးဆုရရှိခဲ့။



mgyoe.com

mgyoe.com

## ဗျက်လွယ်ပြင်လွယ်

အနာဂတ်မှာ
သင် ဘာတွေ ဘယ်လိုလုပ်မယ်၊
ဘယ်လိုဖြစ်ချင်တယ်ဆိုတာ
စာရွက်ပေါ်ချရေးထားပါ။
သို့သော် ခဲတံနဲ့တော့ ဖြစ်ပါစေ။

ဂျိုဘွန်ဂျိုဗီ



mgyoe.com

mgyoe.com

## မာန

ငါနဲ့ငါသာ နှိုင်းစရာဆိုပြီး
လူထင်ပေါ်လုပ်နေသမျှ ကာလပတ်လုံး
ဘယ်လိုမှ ခရီးပေါက်မှာမဟုတ်ပါဘူး။

ဆူဇန်ဝိန်းနား



mgyoe.com

mgyoe.com

# မေ့လိုက်ပါ

တရားစွဲတာထက်စာရင်
မေ့ပစ်လိုက်တာက ပိုကောင်းတာပေါ့။

ဒေ့ဗ်ဝိန်းဘောမ်



mgyoe.com

mgyoe.com

## အကဲဖြတ်မယ်ဆို

လွတ်လွတ်လပ်လပ်ကြီး ရွေးခွင့်ရှိတဲ့အချိန်မှာ
သူ ဘာလုပ်သလဲဆိုတာကို ကြည့်ခြင်းအားဖြင့်
အဲဒီပုဂ္ဂိုလ် ဘယ်လိုလူမျိုးလဲဆိုတာ
အကဲဖြတ်ဖို့ထက် ပိုကောင်းတဲ့
ပေတံမရှိတော့ပါဘူး။

ဝီလျံအမ်ဘာလ်ဂါ



mgyoe.com

mgyoe.com

လျှော့ပါ

မကိုက်နိုင်ဘူးဆိုရင်
မာန်မဖီတာ အကောင်းဆုံးပါပဲ။

General Features Corp



mgyoe.com

mgyoe.com

## ပညာတတ်နှစ်မျိုး

ဘွဲ့ရပညာတတ်နှစ်မျိုးပဲရှိပါတယ်။
တစ်မျိုးက ဘယ်လိုစဉ်းစားဆင်ခြင်ရမလဲ
ဆိုတာသိပြီး တစ်မျိုးကတော့
ဘယ်လိုသင်ယူရမလဲဆိုတာကိုပဲ သိပါတယ်။

အမ့်ကို ပီထန်ဆန်



mgyoe.com

mgyoe.com

## အချိန်ယူ

ကောင်းမှုကို လုပ်မည်ဆိုက ယခုပင်လုပ်ပါ။
မကောင်းမှုကိုလုပ်မည်ဆိုက
မနက်ဖြန်အထိ စောင့်ပါဦး။

သောမတ်စ်ဒတ်တာ



mgyoe.com

mgyoe.com



**ပေါလ်ဘရောင်း**
**(အမေရိကန်ဖွတ်ဘောနည်းပြ)**

- ၁၉ဝ၈၊ စက်တင်ဘာ ၇၊ အိုဟိုင်းအိုးရှိ နော်ဝပ်တွင် မွေးဖွား။
- Cleveland Browns အသင်းကို ၁၉၄၆ တွင် ပူးတွဲတည်ထောင်ခဲ့ပြီး သူ့အသင်းက လိဂ်ချန်ပီယံရှစ် ခုနစ်ကြိမ် ရယူခဲ့။
- ၁၉၉၁၊ ဩဂုတ် ၅၊ အသက် ၈၂ နှစ်အရွယ်၊ ဆန်ဆီယာနတီတွင် ကွယ်လွန်။



mgyoe.com

mgyoe.com

## နှိမ့်ချခြင်း

နိုင်တဲ့အခါမှာ ဘာမှမပြောပါနဲ့၊
ရှုံးတဲ့အခါမှာလည်း နည်းနည်းပဲပြောပါ။

ပေါလ်ဘရောင်း



mgyoe.com

mgyoe.com



**လီလီတွမ်မလင်**
**(သရုပ်ဆောင်၊ အဆိုတော်)**

- ၁၉၃၉၊ စက်တင်ဘာ ၁၊ အမေရိကန် နိုင်ငံ၊ ဒက်ထရွိုက်တွင် မွေးဖွား။
- ဂရမ်မီ၊ အမ်မီ ဆုတံဆိပ်များနဲ့ ၂၀၁၇ တွင် ရာသက်ပန်ရုပ်ရှင်ထူးချွန်ဆု ရရှိ။
- All of Me (1984), Tea with Mussolini (1999), Grandma (2015) ရုပ်ရှင်ကားတို့ဖြင့် ထူးချွန်ဆု ပဏာမ စာရင်းဝင်ခဲ့။



mgyoe.com

mgyoe.com

## အကောင်းဆုံး

စိတ်ကိုပြုပြင်ပြောင်းလဲစေတဲ့
အကောင်းဆုံးဆေးဝါးဟာ
အမှန်တရားပဲဖြစ်တယ်။

လီလီတွမ်မလင်



mgyoe.com

mgyoe.com

## မနာလိုအားကျစိတ်

မနာလိုအားကျစိတ်ကနေ အပြုသဘောဆောင်တဲ့
တွန်းအားပေးမှုဖြစ်လာနိုင်ပါတယ်။
အဲဒီစိတ်ကြောင့် ကိုယ်လိုချင်အားကျတာကိုရဖို့
အလုပ်ကို ပိုကြိုးစားလုပ်ဖြစ်ရင်ပေါ့။

ရောဘတ်ဘရင်ဂယ်



mgyoe.com

mgyoe.com

**အားတင်းထား**

ဘယ်အလုပ်မှ မလွယ်ကူတာကို
လက်ခံလိုက်ပါ။ လောကမှာ
ဘယ်အလုပ်မှ မလွယ်တာအမှန်ပါ။
ဒါပေမဲ့ (စိတ်ဓာတ်ကျပြီး)
နောက်ကြောင်း ပြန်မလှည့်လိုက်ပါနဲ့။

အင်ဒီဂရိုဗ်



mgyoe.com

mgyoe.com

## စွဲကိုင်ခြင်း

အယူအဆတစ်ခုကို ခိုင်ခိုင်မာမာ စွဲကိုင်တာ
မှားယွင်းမှုမဟုတ်၊ မှားယွင်းမှုဆိုတာက
ဘာအမြင် ဘာအယူအဆမှ မရှိတာပါပဲ။

အန်သော်နီ ဝက်ခ်တန်



mgyoe.com

mgyoe.com

## တိုင်းတာပါ


ခင်ဗျားရဲ့ လုပ်ကိုင်ဆောင်ရွက်အောင်မြင်မှုကနေ
တခြားသူတွေ ဘယ်လောက်အကျိုးခံစားရတယ်
ဆိုတဲ့အချက်နဲ့ လူတစ်ယောက်ရဲ့ (ခင်ဗျားရဲ့)
တန်ဖိုးရှိမှုကို တိုင်းတာပါတယ်။

ကာလင်ဟိုက်တာဝါ



mgyoe.com

mgyoe.com



**လက်စတာဟဲမင်းဝေး**

**(စာရေးဆရာ)**

- ၁၉၁၅၊ ဧပြီ ၁၊ အမေရိကန်နိုင်ငံ၊ အီလီနွိုက်တွင် မွေးဖွား။
- အားနက်ဟဲမင်းဝေးရဲ့ညီဖြစ်။
- ဒုတိယကမ္ဘာစစ်နောက်ခံ The Sound of the Trumpet(1953) စာအုပ်မှာ ထင်ရှားခဲ့။
- ၁၉၈၂၊ စက်တင်ဘာ ၁၃၊ အသက် ၆၇ တွင် ကွယ်လွန်။



mgyoe.com

mgyoe.com

## ဇာတ်အိမ်တည်နည်း

အမှန်တရားနဲ့ စိတ်ကူးယဉ်မှုအကြား
ခြားထားတဲ့မျဉ်းဟာ ပါးပါးလေးဖြစ်နေမှ
ဝတ္ထုကောင်းလို့ ခေါ်ပါတယ်။

လက်စတာဟဲမင်းဝေး



mgyoe.com

mgyoe.com



ကာရင်ဒပ်ဖီ
(မော်ဒယ်၊ ရုပ်သံတင်ဆက်သူ)

- ၁၉၆၂၊ မေ ၂၃၊ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် မွေးဖွား။
- ၂၀၀၀ ပြည့်နှစ်တွင် သူမကိုယ်တိုင်ရေး Model Patient : My Life as an Incurable wise - ASS ကိုပြုစုပြီး Best Selling စာရင်းဝင်ခဲ့။
- နယူးယောက်တိုင်းမ်နှင့် ဝေါလ်စထရိတို့တွင် ပါဝင်ရေးသားနေသူဖြစ်။



mgyoe.com

mgyoe.com

## လှချင်ရင်

ပျော်ရွှင်မှုဆိုတာ
အကောင်းဆုံးအလှပြင်ပစ္စည်းပါ။

ကစရင်ဒပ်ဖီ



mgyoe.com

mgyoe.com

## ကောင်းတော့ကောင်းပါတယ်

အလျင်စလို ကတိုက်ကရိုက်လုပ်တယ်ဆိုတာ
လေးတွေ သန်းတွေကို ဖမ်းတဲ့နေရာမှာပဲ
ကောင်းပါတယ်။

အာလာရာယို ရှင်စကာရာ



mgyoe.com

mgyoe.com

## အရင်းအနှီး

ကားအပျံစားကြီးတွေစီးရုံနဲ့
လူတစ်ယောက်ကို အထင်မကြီးလိုက်ပါနဲ့။
အဲဒီကားအတွက် တစ်ခုခုပေးလိုက်ရတာ
ရှိပါလိမ့်မယ်။

နန်စီဆွမ်ဒရူး



mgyoe.com